
# ၁၉၅၈ - ၁၉၆၂

# မြန်မာ့နိုင်ငံရေး

တတိယတွဲ



### ၁၉၅၇ ခုနှစ် အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနှင့် ပတ်သက်၍ လွှတ်တော်တွင်း အခြေအတင် ဆွေးနွေးမှုများ

ဦးလှထွန်းဖြူ၏ ၁၉၅၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ဆွေးနွေးရန်အဆိုနှင့်ပတ်သက်၍ ဦးကျော်မင်း (စစ်တွေ) အမတ်က ထောက်ခံဆွေးနွေးရာတွင်

> . . . ရခိုင်ပြည်နယ် ဖွဲ့စည်းပေးပါလို့ ယခုလို တောင်းဆိုခြင်းဟာ သဘာဝကျတဲ့ တောင်းဆိုချက်ဖြစ်ပါတယ် ဆိုတာကို ကျွန်တော် ထပ်ပြီး အစီရင်ခံလိုပါတယ်။ သည်လို ပြည်နယ်တနယ် ဖွဲ့စည်းပေးရန် တောင်းဆိုခြင်းဟာ သဘာဝမကျ နည်းလမ်းမကျဘူးလို့ ပြောဆိုနိုင်ရန် မည်သည့်အကြောင်းမျှမရှိပါ။ ရခိုင်ပြည်နယ်တနယ် ဖွဲ့စည်းပေးရန်မှာ ရခိုင်လူမျိုးတိုင်းက အလွန်တောင့်တနေတယ် ဆိုတာ သဘာဝအတိုင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဖွဲ့စည်းပေးရန် တောင်းဆိုခြင်းဖြင့် ပြည်ထောင်စုနိုင်ငံနှင့် အနည်းငယ်မျှ ဆန့်ကျင်ခြင်းမရှိပါဘူး[၁]

ဟူ၍ ပြောကြားခဲ့သည်။

ဦးကျော်မင်း ကပင် ဆက်လက်၍ ဖဆပလ အဖွဲ့ဝင် ရခိုင်လူမျိုးအချို့က ရတညအဖွဲ့သည် ရခိုင်ဒေသကို ပြည်နယ်ဖွဲ့စည်းပေးရန်တောင်းဆိုခြင်းဖြင့် ပြည်ထောင်စုကြီးပြိုကွဲသွားအောင် ပြုလုပ်နေကြောင်း မဟုတ်မမှန်ဝါဒဖြန့်နေကြောင်း၊ ရတညအဖွဲ့သည် ရခိုင်ဒေသကို ပြည်ထောင်စုမှခွဲထွက်ပြီး သီးသန့်နိုင်ငံထူထောင်ရန် တောင်းဆိုနေခြင်း မဟုတ်ကြောင်း အတိအလင်း ပြောကြားလိုကြောင်း၊ ပြည်နယ် တောင်းဆိုခြင်းဖြင့် ပြည်ထောင်စုကြီး ပြိုကွဲသွားနိုင်သည် ဆိုသည့် အကြောင်းပြချက်နှင့် ပတ်သက်၍ ရှမ်း၊ ကချင်၊ ကယား၊ ကရင်အမျိုးသားတို့အား ပြည်နယ်အသီးသီး ဖွဲ့စည်းပေးခဲ့ခြင်းဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြိုကွဲ သွားပါသလားဟု မေးလိုကြောင်း ဦးကျော်မင်းက ဆွေးနွေးတင်ပြသည်။[၂]

ဦးလှထွန်းဖြူ၏ အဆိုနှင့်ပတ်သက်၍ မစ္စတာ အဘူခိုင် (မောင်းတောတောင်ပိုင်း) အမတ်ကလည်း ပါဝင်ဆွေးနွေးသည်။ မစ္စတာ အဘူခိုင်က ဦးလှထွန်းဖြူ၏ အဆိုကို မိမိအဘယ်ကြောင့် ကန့်ကွက်ကြောင်း ပြောကြားရာတွင်

---

[၁] ဒုတိယပြည်သူ့လွှတ်တော်၊ ၅/၆၊ စာ ၂၆၀။
[၂] ယင်း

> ... ကျွန်တော်တို့ ခရိုင်သုံးခုမှာရှိနေတဲ့ ရခိုင်အမျိုးသားများနှင့် အခြားတိုင်းရင်းသားများဟာ ဗမာပြည်မ ရှိ ဗမာလူမျိုးများနှင့် အခြားတိုင်းရင်းသားတို့ထက် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အရေး စသည်တို့မှာ ရာဇဝင်အရဖြစ်စေ၊ လက်ရှိအခြေအနေအရ ဖြစ်စေ၊ အဆင့်အတန်း မနိမ့်ပါဘူး။ လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရဆိုလျှင် ကျွန်တော်တို့သည် ပြည်ထောင်စုအတွင်း ပြည်မ၌ ဗမာလူမျိုးတို့နှင့် တန်းတူအခွင့်အရေး တန်းတူခံစားခွင့် ရရှိလျက် ရှိနေပါတယ်။ နယ်ချဲ့ အစိုးရလက်ထက်ကလည်း ဤ အဆင့်အတန်း၊ တန်းတူဘဝနှင့်ပင် နေခဲ့ကြရပါတယ်။ သည်တော့ ပြည်နယ်အုပ်ချုပ်ရေးကို ယူလိုက်လျှင် ကျွန်တော်တို့ဟာ အခွင့် ထူးခံ၊ ကျေးဇူးစား လူမျိုးငယ်တမျိုးဖြစ်သွားပြီး၊ ပြည်မရှိ ဗမာ လူမျိုးတို့ထက် အဆင့်အတန်းနိမ့်ကျလျက် ၎င်းတို့ထံတွင် လက်ဝါး ဖြန့် တောင်းရမည့်ဘဝသို့ ရောက်သွားမည်ဖြစ်တဲ့အတွက် ဂုဏ်ငယ် သွားစရာရှိပါတယ်။
>
> ဥက္ကဋ္ဌကြီးခင်ဗျား၊ ဘယ်နည်းနှင့်မျှ ကျွန်တော်တို့၊ ဤဘဝ အခြေ အနေသို့ အရောက်မခံနိုင်ပါ၊ ဗမာတကျပ်၊ ရခိုင်တကျပ် အခြေ အနေတန်းတူ၊ အခွင့်အရေးတန်းတူဘဝ၌သာ နေလိုပါတယ်'

ဟူ၍ ပြောကြားသည်။ မစ္စတာ အဘူခိုင်ကပင် ဆက်လက်၍ ရခိုင်ပြည်နယ်ဖွဲ့စည်း တည်ထောင်ခြင်းဖြင့် ပြည်ထောင်စု၏ အင်အားတိုးတက်ဖွယ်ရာ ရှိသည် ဟူသော အကြောင်းပြချက်ကို မိမိအနေနှင့် လက်မခံနိုင်ကြောင်း၊ ပြည်မနှင့်တန်းတူ ပြည်မ ထဲတွင် ပါဝင်နေရာမှ ပြည်နယ်တစ်ခုအဖြစ် ဖွဲ့စည်းလိုက်လျှင် ဆက်ဆံရေး အခြေ အနေ ပြောင်းသွားနိုင်ကြောင်း၊ ဆက်ဆံမှုအမြဲတမ်း ပြေပြစ်နေလျှင် ကောင်းမွန် သော်လည်း မပြေပြစ်ပါက ပြည်ထောင်စု၏အင်အားကို ထိခိုက်နိုင်ကြောင်း၊ မိမိတို့ အားလုံး ဥမကွဲသိုက်မပျက် နေခြင်းအားဖြင့် လူထုတစ်ရပ်လုံးနှင့် ပြည်ထောင်စု အတွက် ပိုမိုအကျိုးရှိစေနိုင်သည်ဟု ယူဆသဖြင့် ဦးလှထွန်းဖြူ၏ ၁၉၅၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းကို ကန့်ကွက်ပါ ကြောင်း မစ္စတာ အဘူခိုင်က ပြောကြားသည်။[၂]

---

• ဒုတိယပြည်သူ့လွှတ်တော်၊ ၅/၆၊ စာ ၂၆၄–၂၆၅။

၂ ဒုတိယပြည်သူ့လွှတ်တော်၊ ၅/၆၊ စာ ၂၆၅။

အခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနှင့်ပတ်သက်၍ လွှတ်တော်တွင်း ဆွေးနွေးမှုများ

ဦးဘမြိုင်တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပြင်ဆင်ချက်) ဥပဒေကြမ်းနှင့်ပတ်သက်၍ မစ္စတာ အဘူ (ရ်) ဘောရှော (ရ်)[၁] (ဘူးသီးတောင်) အမတ်က ပြင်းပြင်းထန်ထန်ကန့်ကွက်သည်။ မစ္စတာ အဘူ (ရ်) ဘောရှော (ရ်)က ကန့်ကွက်ပြောကြားရာတွင်

. . . ယခုဗမာပြည်မှာ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးကို အကောင်အထည် ဖော်နေပြီ ဖြစ်တဲ့အတွက် ရခိုင်တိုင်းမှာလည်း သည်အုပ်ချုပ်ရေးဟာ အကောင်အထည်ဖော်ဘို့ သိပ်ကြာတော့မှာ မဟုတ်ပါဘူး၊ အဲသည်တော့ သည်အုပ်ချုပ်ရေးအရဆိုလျှင် အစိုးရရဲ့အာဏာကို ပြည်သူလူထုကိုအပ်နှင်းမှာဘဲ။ သည်လိုအာဏာရတဲ့အခါ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ကြမှာဘဲ။ ပြည်နယ်ရမှ ကိုယ့်ကြမ္မာကိုကိုယ်ဖန်တီးနိုင်မည်ဆိုတဲ့စကားကိုတော့ မကြားချင်ပါဘူး။ ရခိုင်ပြည်နယ်ဆိုတဲ့စကားကို ကျွန်တော်နည်းနည်းမှ မကြားချင်ပါဘူး။ ပြည်နယ်ရဲ့အခွင့်အရေးဟာကန့်သတ်ပြီးသားဖြစ်ပါတယ်။ ကန့်သတ်ထားတဲ့နယ်နိမိတ်ကို ကျော်လွန်ပြီးတော့ ဘာမှမလုပ်နိုင်ပါဘူး။ ပြည်မနှင့်ပူးပေါင်းနေလျှင် အစစအရာရာမှာ တိုးတက်နိုင်မည်ဆိုတာကို ကျွန်တော်တို့သိပါတယ်။ ပြည်နယ်ဆိုတဲ့ရေကန်ထဲမှာ ကျွန်တော်တို့အနေနှင့် မနေချင်ဘူး။ သမုဒ္ဒရာနှင့်တူတဲ့ပြည်မကြီးနှင့်သာ ပူးပေါင်းနေချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ တကယ်လို့သာ အစိုးရက ပြည်နယ်အုပ်ချုပ်ရေးပေးလိုက်လျှင် လူမျိုးရေးအဓိကရုဏ်းဖြစ်လာမှာ ကေန်မုချဘဲ[၂]


ဟူ၍ ပြောကြားခဲ့သည်။ မစ္စတာ အဘူ (ရ်) ဘောရှော (ရ်) အနေနှင့် ရခိုင်ပြည်နယ်အလိုမရှိကြောင်း၊ ရခိုင်တိုင်းတွင် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အကောင်အထည်ဖော်ပေးရေးကိုသာ လိုလားကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ မစ္စတာ အဘူ (ရ်) ဘောရှော (ရ်) ကပင် အကယ်၍သာ အစိုးရက ရခိုင်တိုင်းကို ပြည်နယ်ပေးမည်ဆိုလျှင် မောင်းတော၊ ဘူးသီးတောင်နယ်ကို ရခိုင်ပြည်နယ်အတွင်း မထည့်သွင်းဘဲ သီးခြားခရိုင်တစ်ခုအဖြစ် ပြည်မလက်အောက်တွင်ထားပေးဖို့ မေတ္တာရပ်ခံကြောင်း ပြောကြားခဲ့သည်။[၃]


---

၁ Mr. Abu Baushair

၂ ပြည်သူ့လွှတ်တော်၊ ၉/၅၊ စာ ၃၃၄။

၃ ယင်း


Abul Khair MP



Abul Basher(1901-1991)
MP and Parliamentary
Secretary